လောကတွင် ၎င်းအား ခြေနှစ်ချောင်းပေါ်၌
လျှောက်လှမ်းနိုင်ရန် လုပ်ပေးတော်မူသော အရှင်မြတ်သည်
ကိယာမသ်နေ့တွင် ၎င်းကိုမျက်နှာပေါ်၌
လျှောက်လှမ်းနိုင်ရန် မစွမ်းဆောင်နိုင်လေသလော။
ကသာဒဟ်(ရဟိမဟုလ္လာဟ်)က ဆင့်ပြန်ခဲ့သည်။ အနတ်စ်ဗင်န် မာလိက်(ရဿွိယလ္လာဟုအန်ဟု)က
ကျွန်တော်တို့အားဆင့်ပြန် ပြောကြားခဲ့သည်။ လူတစ်ဦးက ကိုယ်တော့်အား အို -
အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော် ကာဖိရ်ငြင်းပယ်သူသည် ကိယာမသ်နေ့၌
မျက်နှာနှင့်မည်သို့လမ်းလျှောက်ပြီး စုရုံးခံရမည်နည်းဟု
လျှောက်ထားမေးမြန်းခဲ့သည်။ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ လောကတွင် ၎င်းအား
ခြေနှစ်ချောင်းပေါ်၌ လျှောက်လှမ်းနိုင်ရန် လုပ်ပေးတော်မူသော အရှင်မြတ်သည်
ကိယာမသ်နေ့တွင် ၎င်းကိုမျက်နှာပေါ်၌ လျှောက်လှမ်းနိုင်ရန်
မစွမ်းဆောင်နိုင်လေသလော။ ကသာဒဟ်ကပြောသည်မှာ ကျွန်ုပ်တို့အား
ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ဂုဏ်သိက္ခာကို တိုင်တည်ပါသည်။
အမှန်ပင်စွမ်းဆောင်နိုင်တော်မူ၏။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း။]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား ကာဖိရ်ငြင်းပယ်သူသည် ကိယာမသ်နေ့၌
မျက်နှာနှင့်မည်သို့လမ်းလျှောက်ပြီး စုရုံးခံရမည်နည်းဟု လျှောက်ထားမေးမြန်းခဲ့သည်။
ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ လောကတွင်
၎င်းအား ခြေနှစ်ချောင်းပေါ်၌ လျှောက်လှမ်းနိုင်ရန် ပြုလုပ်ပေးတော်မူသော
ကြီးကျယ်မြင့်မြတ်သည့် အလ္လာဟ်အရှင်မြတ်သည် ကိယာမသ်နေ့တွင် ၎င်းအားမျက်နှာပေါ်၌
လျှောက်လှမ်းနိုင်ရန် စွမ်းဆောင်နိုင်သည့် အရှင်မဟုတ်လေသလော။
အလ္လာဟ်အရှင်မြတ်သည်အရာရာတိုင်းကို စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။
https://sunnah.global/hadeeth/my/show/65068